တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားကြသည့်

**တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏**

**ထိပ်သီးခေါင်းဆောင်များအစည်းအဝေး - ပထမအကြိမ်**

# ထုတ်ပြန်ကြေညာချက်

၁။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးထားကြသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (EAO) (၈)ဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့လျှင် ကိုယ်စားလှယ် (၃) ဦး၊ လေ့လာသူ (၂) ဦး၊ EAO ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (EAO JMC) မှ (၃) ဦး၊ EAO ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (EAO UPDJC) မှ (၁) ဦး နှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ ညှိနှိုင်းရေးအဖွဲ့ (EAO CT) မှ (၈) ဦး အပါအဝင် စုစုပေါင်း (၈၇) ဦး တက်ရောက်သော "**တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များအစည်းအဝေး - ပထမအကြိမ်**"ကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့မှ (၁၀) ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဇင်းမယ်မြို့၌ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။

၂။ ယင်း ပထမအကြိမ် အစည်းအဝေးသို့ တက်ရောက်လာကြသော ခေါင်းဆောင်များသည် ရင်းနှီးပွင့်လင်းစွာဖြင့် အကျေအလည် ညှိနှိုင်းဆွေးနွေးကြပြီးနောက် အောက်ပါအတိုင်း ဆုံးဖြတ်ကြသည်။

(က) မိမိတို့ (၈) ဖွဲ့အတွင်း ခိုင်မာသည့် ညီညွတ်မှု တည်ဆောက်ထားရှိရန် နှင့် အဖွဲ့အတွင်း လုပ်ငန်းစဉ်များ စနစ်တကျ ပူးပေါင်းဆောင်ရွက်နိုင်ရန်၊

(ခ) NCA ကို လတ်တလော လက်မှတ်မထိုးနိုင်သေးသော ဘဂတူ EAO အဖွဲ့အစည်းများနှင့် ရရှိပြီး ညီညွတ်မှုကို ဆက်လက်ထိန်းသိမ်းရန် နှင့် NCA အကောင်အထည်ဖော်ရာတွင် ပူးပေါင်းဆောင်ရွက်သွားနိုင်ရန်၊

(ဂ) NCA ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်လုပ်ဆောင်နေသော JICM, JMC နှင့် UPDJC လုပ်ငန်းစဉ်များတွင် လက်ရှိအစိုးရနှင့်သော်လည်းကောင်း၊ မကြာမီ ဖွဲ့စည်းပေါ်ပေါက်လာမည့် အစိုးရအဖွဲ့သစ်နှင့်သော်လည်းကောင်း ပူးတွဲ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန်၊

(ဃ) EAO အဖွဲ့အစည်းအားလုံး ပါဝင်တက်ရောက်နိုင်မည့် ထိပ်သီးအစည်းအဝေး တစ်ခုကို UNFC နှင့် ပူးပေါင်းဆောင်ရွက်ပြီး အမြန်ဆုံးကျင်းပသွားရန်။

၃။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အထွေထွေရွေးကောက်ပွဲကြီးကို ငြိမ်းချမ်းစွာဖြင့် ကျင်းပနိုင်ခဲ့ခြင်းအပေါ် ပြည်သူတစ်ရပ်လုံးနှင့်အတူ သက်ဆိုင်သူအားလုံးကို လည်းကောင်း၊ အနိုင်ရပါတီ၊ အဖွဲ့အစည်းအသီးသီးတို့ကိုလည်းကောင်း ဂုဏ်ပြုကြိုဆိုအပ်ပါသည်။

ပြည်သူလူထု၏ စစ်မှန်သောဆန္ဒ ဖြစ်သည့် ရွေးကောက်ပွဲရလဒ်အရ အစိုးရအဖွဲ့သစ်ကို ချောမွေ့စွာ ဖွဲ့စည်းသွားနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ပေါ်ပေါက်လာမည့် အစိုးရအဖွဲ့သစ်အနေဖြင့်လည်း လက်ရှိအကောင်အထည် ဖော်ဆောင်ရွက်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အဆင့်ဆင့်ကို ဆက်လက်ပြီး အလေးထား ဆောင်ရွက်သွားလိမ့်မည်ဟု အပြည့်အဝ ယုံကြည်ပါသည်။

၅။ မြန်မာပြည်မြောက်ပိုင်း နှင့် ရှမ်းပြည်နယ်အတွင်း တပ်မတော်၏ထိုးစစ်ဆင်နေမှုများကို ချက်ချင်းရပ်တန့်ပေးရန် နှင့် နိုင်ငံရေးအကျဉ်းသားများအပါအဝင် အထိန်းသိမ်းခံနေရသည့် လယ်သမား၊ အလုပ်သမား၊ ကျောင်းသားများနှင့် ဝန်းရံပြည်သူများ၊ မတရားအသင်းဥပဒေဖြင့် အပြစ်ပေးအရေးယူခံနေရသည့် အဖွဲ့အစည်းဝင်များနှင့် ပြည်သူများကိုချွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန် ဤထိပ်သီးခေါင်းဆောင်များအစည်းအဝေးကြီးမှ တောင်းဆိုလိုက်သည်။

၆။ ဘဝတူ ညီနောင် EAO အဖွဲ့အစည်းများ အားလုံးအနေဖြင့် ဘုံနိုင်ငံရေး ရည်မှန်းချက်ဖြစ်သော "နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများမှတစ်ဆင့် ဒီမိုကရက်တစ်ဖယ်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ပန်းတိုင်သို့" ညီညီညွတ်ညွတ် ဆက်လက်ချီတက်ကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။

ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) (KNU/KNLA-PC)

ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး (KNU)

ချင်းအမျိုးသားတပ်ဦး (CNF)

ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)

ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)

မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)

ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)

ပထမအကြိမ် အစည်းအဝေး

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက်။

**ဆက်သွယ်ရမည့် ပုဂ္ဂိုလ်များ**


၁။ ပဒိုစောကွယ်ထူးဝင်း (+၆၆) ၈၁၈ ၀၇၆ ၂၇၉၊ (+၉၅) ၀၉၄ ၂၂၁ ၉၁၉၄၁

၂။ ဒုတိယဗိုလ်မှူးကြီး စိုင်းဟန် (+၆၆) ၀၈၈ ၈၅၆ ၉၁၈၆၊ (+၉၅) ၀၉၄ ၉၃၇ ၈၃၃၄